အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၄၇

၈ ဒီဇင်ဘာ ၂၀၂၃

## စစ်ပွဲအတွင်း အရပ်သားများ ကာကွယ်ရေး စကားဝိုင်း ပြုလုပ်

**နိုဝင်ဘာ ၂၉**




စစ်ပွဲများအတွင်း အရပ်သားများ ထိခိုက်ရမှုနှင့် ပတ်သက်၍ ကာကွယ်ပေးနိုင်ရေးဆိုင်ရာ စကားဝိုင်းအား

နိုဝင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့ရာ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းကိုယ်တိုင် ပါဝင်ဆွေးနွေးခဲ့သည်။

ဗမာ့ပြည်သူ့လွတ်မြောက်ရေးတပ်တော် - BPLA နိုင်ငံရေးမှူး ရိုးအုံမင်း၊ နွေဦးဂုဂုလေးများ ပူးတွဲ တည်ထောင်သူ တင့်ဇော်ဟိန်းတို့ ပါဝင်ခဲ့ကာ Moderator အဖြစ် ဥပဒေပေါင်းကူးအဖွဲ့ဝင် "မေ" မှ ဆောင်ရွက်ပေးခဲ့သည့် ဆွေးနွေးပွဲ၌ စစ်ပွဲအတွင်း အရပ်သားများအပေါ် ဥပဒေစည်းမျဉ်းအရ အကာအကွယ်ပေးနိုင်မှု၊ ကူညီပံ့ပိုးပေးမှုနှင့် တရားမျှတမှု ရှာဖွေပေးနိုင်ရေး စသည့်အကြောင်းအရာများအား ဆွေးနွေးခဲ့သည်။




မိဘပြည်သူများခင်ဗျာ...

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း
## လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



# နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၃၀ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့်ပြည်နယ်အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ




# ဆန့်ကျင်ဘက်လိင်ကဲ့သို့ နေထိုင်ပြုမူမှုကြောင့် အကြမ်းဖက်ခံရသူများ အတွက် ဂုဏ်ပြုစကား ပြောကြား

နိုဝင်ဘာ ၂၀



ဆန့်ကျင်ဘက်လိင်ကဲ့သို့ နေထိုင်ပြုမူခြင်းကြောင့် အကြမ်းဖက်ခံရသူများအား ဂုဏ်ပြုသည့်အနေဖြင့် ဂုဏ်ပြုလွမ်းဆွတ်ခြင်းနေ့အား နိုဝင်ဘာ ၂၀ ရက်အဖြစ် သတ်မှတ်ထားကာ ယင်းနေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ရုပ်သံဖိုင်မှတစ်ဆင့် ဂုဏ်ပြုစကား ပြောကြားထားသည်။

အဆိုပါ ရုပ်သံဖိုင်အား ဝန်ကြီးဌာနနှင့် ပြည်ထောင်စု ဝန်ကြီး၏ လူမှုကွန်ရက်တို့၌လည်း ပြန်လည်မျှဝေထားသည်။

# ပြည်သူတွေအပေါ် အစွမ်းကုန် ရက်စက်ယုတ်မာလာတဲ့သဘော

“အကြမ်းဖက်အုပ်စုကတော့ "ကြွက်မနိုင် ကျီမီးရှို" ဆိုသလို အရပ်သားတွေအပေါ် အကြမ်းဖက်သတ်ဖြတ်တာတွေ ပိုလုပ်လာနေပါတယ်။ မတူပီ ဝေးလူကျေးရွာက စာသင်ကျောင်းကို ဗုံးကြဲတိုက်ခိုက်လို့ ကလေး (၈)ယောက်အပါအဝင် (၁၃) ယောက်သေဆုံးခဲ့ပါတယ်။ မတ္တရာမှာလည်း လက်ဖက်ရည်ဆိုင်မှာထိုင်နေတဲ့ အမျိုးသား (၁၂) ဦးကို အကြောင်းမဲ့ ပစ်သတ်သွားပါတယ်။ တိုက်ပွဲတွေပြင်းထန်လာတာနဲ့အတူ ပြည်သူတွေအပေါ် အစွမ်းကုန် ရက်စက်ယုတ်မာလာတဲ့ သဘောပါ။ တဖက်ကလည်း ပြည်သူတွေကနေ တော်လှန်ရေးအင်အားစုတွေအပေါ် အပြစ်တင်မှုတွေပေါ်ပေါက်လာစေဖို့ ရည်ရွယ်ချက်ရှိရှိနဲ့ ကျူးလွန်နေတာဖြစ်ပါတယ်။သတိပြုနိုင်ဖို့ပါ”

- **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ**

# ၇၅ နှစ်ပြည့် လူ့အခွင့်အရေးနေ့၌ အားလုံးပါဝင်ကြရန် ဝန်ကြီးဌာန နှိုးဆော်




ဒီဇင်ဘာ ၁၀ ရက်တွင် ကျရောက်မည့် (၇၅) နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် စစ်အာဏာရှင်စနစ်လုံးဝချုပ်ငြိမ်းကာ စစ်မှန်သည့် လူ့အခွင့်အရေးထွန်းကားသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းလာနိုင်သည်အထိ လက်ရှိဆင်နွှဲနေသည့် တော်လှန်ရေးလှိုင်းများ၌ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဆက်လက်ပါဝင်ပေးကြရန် အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက မြန်မာပြည်သူများအား တိုက်တွန်းထားသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ လူ့အခွင့်အရေးနေ့ အခမ်းအနားအား ထူးခြားစွာ ကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိကာ ယခုနှစ် ဆောင်ပုဒ်အဖြစ် “Dignity, Freedom, and Justice for All” - "လူ့ဂုဏ်သိက္ခာနှင့်အညီ လွတ်လပ်မှုတခြင်းဆီ လှိုင်းများနှင့် အတူချီ” ဟု ရွေးချယ်ထားကာ ဒီဇင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ လူ့အခွင့်အရေးလှုပ်ရှားမှုအဖြစ် စကားဝိုင်းဆွေးနွေးပွဲများ၊ နိုင်ငံရေး၊ လူ့အခွင့်အရေးနှင့် အနုပညာနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၏ ပြောစကားများ၊ နယ်မြေအသီးသီးမှ ပြည်သူများ၏ လှုပ်ရှားမှုမှတ်တမ်းများအား တင်ပြသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် လူသားအားလုံး၌ မွေးရာပါ ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေး တန်းတူရှိပြီး လူသားတိုင်း၏ အခွင့်အရေးအား အစိုးရတိုင်းက လေးစားကာကွယ်ပေးရန် တာဝန်ရှိကြောင်း ဖော်ပြထားသည့် လူ့အခွင့်အရေးကြေညာစာတမ်းအား ပထမဦးဆုံး ထောက်ခံမဲပေးခဲ့သည့် နိုင်ငံဖြစ်သော်လည်း လက်ရှိအချိန်အထိ မိမိတို့၏ အခွင့်အရေးအတွက် ဆက်လက် တောင်းဆို တိုက်ပွဲဝင်နေရဆဲ နိုင်ငံလည်း ဖြစ်သည်။

# ကမ္ဘာ့ကလေးသူငယ်များနေ့ အထိမ်းအမှတ် ကလေးပန်းချီပြိုင်ပွဲ ပြုလုပ်

**နိုဝင်ဘာ ၂၀**



နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးသူငယ် များနေ့ အထိမ်းအမှတ်အဖြစ် "Our Life, Our Dream" – "ငါတို့ဘဝ ငါတို့အိမ်မက်" အမည်ဖြင့် အမျိုးသားညီညွတ်ရေး အစိုးရ လက်အောက်ရှိ စာသင်ကျောင်းများမှ ကလေးငယ်များ၏ ပန်းချီပြိုင်ပွဲအား ပြုလုပ်ကျင်းပခဲ့သည်။

အဆိုပါ ပန်းချီပြိုင်ပွဲ၌ ဒုက္ခသည်စခန်း၊ ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ ရွှေ့ပြောင်းကျောင်းများမှ ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ကာ ဖြစ်မြောက်ရေးအတွက် ပညာရေးဝန်ကြီးဌာန – MOE ၊ အမျိုးသမီး၊ လူငယ်နှင့် ကလေး သူငယ်ရေးရာဝန်ကြီးဌာန – MOWYCA ၊ ညီမျှခြင်း မြန်မာ - Equality Myanmar တို့က ကူညီပံ့ပိုးပေးထားခြင်းဖြစ်သည်။

ပန်းချီပြိုင်ပွဲနှင့် ပတ်သက်၍ "မြန်မာနိုင်ငံမှာရှိတဲ့ ကလေးသူငယ်တွေရဲ့လက်ရှိအခြေအနေတွေ၊ သူတို့မြင်ချင်တဲ့ အနာဂတ်အိမ်မက်တွေကို ဖော်ပြနိုင် တဲ့ပန်းချီပြပွဲတစ်ခုကို ကျင်းပလျက်ရှိပါတယ်။ ဒုက္ခသည်စခန်းတွေ၊ ပဋိပက္ခဒေသတွေ၊ရွှေ့ပြောင်းကျောင်းတွေက ကလေးများပါဝင် ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ပြိုင်ပွဲကိုတင်သွင်းလာတဲ့ ပန်းချီကားတွေ ကြည့်မယ်ဆိုရင် သူတို့ရဲ့ လက်ရှိအခြေအနေပေါ်မှာ သူတို့ ဘယ်လိုမြင်သလဲ၊ အခုလိုအခြေအနေဆိုးကြီးကနေ လုပတဲ့ အနာဂတ်ကို ဘယ်လိုမျိုးမျှော်မှန်းနေကြသလဲဆိုတဲ့ အချက်တွေကို ဖော်ပြထားပါတယ်။အခုလိုမျိုး လုပ်ဆောင်တာဟာ ကလေးတွေရဲ့ ဆန္ဒတွေ၊ ရည်မှန်းချက်တွေ၊ အိမ်မက်တွေကို ဖော်ထုတ်တင်ပြနိုင်ဖို့အတွက် အနုပညာတခုအနေနဲ့ ပါဝင်ခွင့်ကို ဖန်တီးပေးလိုက်တာလည်း ဖြစ်ပါတယ်" ဟု လူ့အခွင့်အရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက လူမှုကွန်ရက်၌ ရေးသားထားသည်။

ထို့ပြင် "နေ့တိုင်းကြုံတွေ့နေရတဲ့ အကြမ်းဖက်မှုတွေရော စိတ်ခံစားဖိစီးမှုတွေကို စိတ်ပိုင်းဆိုင်ရာဖြေလျှော့နိုင်တဲ့ အခွင့်အလမ်းကို ဖန်တီးပေးရာလည်း ရောက်ပါတယ်။ ပုံတစ်ပုံချင်း၊ တစ်ပုံချင်းစီတိုင်းမှာ သူတို့ရဲ့လက်ရှိအခြေအနေပေါ်မှာကြုံတွေ့နေရတဲ့အကြောင်းအရာကို တင်ပြထားပါတယ်။ ဖြစ်ချင်တဲ့ ဆန္ဒတွေသာမကပဲ သူတို့လိုလားတဲ့အနာဂတ်ကို ဖော်ပြ ထားတာ တွေ့ရပါတယ်။ ဒီပန်းချီကားတွေတဆင့်ပေးတဲ့ ကလေးတွေရဲ့ သတင်းစကားတွေ၊ကလေးတွေရဲ့ ဆန္ဒတွေ ပြည့်ဝနိုင်ကြဖို့အတွက် အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ မိသားစုနဲ့ လူ့ဘောင်အသိုက်အဝန်းမှာ ပါဝင်ကြတဲ့သူတွေ အားလုံးက ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားစေချင်ပါတယ်" ဟုလည်း ရေးသားထားသည်။




“
အခုလိုမျိုး ကလေးများရဲ့ပန်းချီကားတွေ ပြပွဲ၊ ပြိုင်ပွဲ
ပြုလုပ်ခြင်းက ကလေးတွေရဲ့ ဆန္ဒ၊ ရည်မှန်းချက်၊
အိမ်မက်တွေကို ဖော်ထုတ်တင်ပြနိုင်ဖို့အတွက်
အနုပညာတစ်ရပ်အနေနဲ့ သူတို့ရဲ့ပါဝင်ခွင့်ကို
ဖော်ဆောင်တာဖြစ်ပါတယ်။ အစိုးရနဲ့ အရပ်ဘက်လူမှု
အဖွဲ့အစည်းတွေ၊ လူ့ဘောင်အသိုက်အဝန်းမှာ ပါဝင်
ကြတဲ့သူအားလုံးဟာ ပန်းချီကားတွေကနေတဆင့်
ဖော်ပြထားတဲ့ ကလေးတွေရဲ့ ဆန္ဒတွေ၊ သတင်းစကား
တွေ၊ အိမ်မက်တွေကို ပြည့်ဝနိုင်ဖို့အတွက် ဆက်လက်
ကြိုးပမ်းဆောင်ရွက် သွားစေချင်ပါတယ်။ ”
ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး
ကမ္ဘာ့ကလေးများနေ့အခမ်းအနား ကလေးပန်းချီပြိုင်ပွဲ၊ ပြပွဲ အမှာစကား ကောက်နုတ်ချက်

# “လူသားချင်းစာနာမှု၊ လူ့ဂုဏ်သိက္ခာကို လေးစားသော ပြုမူဆောင်ရွက်မှုနဲ့ လုပ်ဆောင်နေတာ အားလုံး တွေ့နိုင်ပါတယ်”

“အခုဆိုလို့ရှိရင် စစ်အရှိန်မြင့်လာပြီးတော့ မြို့သိမ်း၊ နယ်သိမ်း တိုက်ပွဲတွေအထိ ဆင်နွှဲလာတာ တွေ့ရပါတယ်။ အဲဒီတော့ ဒီနေရာမျိုးမှာ စစ်ပွဲဖြစ်တဲ့အတွက် တစ်ဖက်နဲ့တစ်ဖက် စစ်ရေးအရ တိုက်ခိုက်မှုတွေ ရှိကြမှာပါ။ ဘာကြောင့်လဲဆိုတော့ စစ်ပွဲဖြစ်လာပြီကိုး။ ဒါပေမဲ့ ဘယ်လိုပဲ စစ်ပွဲဖြစ်ဖြစ် စစ်ပွဲမှာ ပါဝင်ပတ်သက်နေတဲ့ အဖွဲ့အားလုံးက စစ်ပွဲဆိုင်ရာဥပဒေ၊ အထူးသဖြင့် လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာ ဥပဒေ - International Humanitarian Law တွေကို မဖြစ်မနေ လိုက်နာရပါတယ်။ အဲဒီထဲမှာ ခုနက ဦးစိန်ဝင်းပြောသလိုပဲ ဖမ်းမိတဲ့ စစ်သုံ့ပန်းတွေကို ဘယ်လိုမျိုး ပြုမူပြောဆိုဆက်ဆံရမလဲဆိုတဲ့ အချက်၊ ဒါကလည်း အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ NUG အစိုးရအနေနဲ့ ဒီလိုမျိုး လက်နက်ကိုင်တဲ့ တော်လှန်ရေးတပ်ဖွဲ့တွေ၊ ကာကွယ်ရေးတပ်ဖွဲ့တွေ စတင်ဖွဲ့စည်းကတည်းက ကာကွယ်ရေးဝန်ကြီးဌာနမှာ Military Code of Conduct – စစ်သည်ကျင့်ဝတ်ဆိုတာ ရှိပါတယ်။ အဲဒီမှာ ဖော်ပြရရင်တော့ လက်နက်ကိုင်တဲ့ဟာက ဒီလက်နက်ကိုင် တိုက်ပွဲ မှန်ကန်ပေမယ့် လက်နက်ကိုင်တိုက်ပွဲကြောင့် အရပ်သားပြည်သူတွေ၊ စစ်ပွဲမှာ တိုက်ရိုက်ပါဝင်ခြင်းမရှိတဲ့ သူတွေ၊ ခုနကလိုမျိုး လက်နက်ချလာတယ်၊ သုံ့ပန်းအဖြစ် ဖမ်းဆီးမိတဲ့သူတွေကို ဘယ်လိုဆက်ဆံရမလဲဆိုတဲ့ မူဝါဒတွေ ချမှတ်ပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်ပြောမယ် ဆိုလို့ရှိရင် အပိုင်း ငါးပိုင်းပါတယ်ဗျ။ ပထမတစ်ခုကတော့ စစ်သည်ရဲ့ ကျင့်ဝတ်၊ နောက်တစ်ခုက ဒီလိုမျိုး ပစ်ခတ်မှုတွေ လုပ်တဲ့အခါမှာ စစ်ရေးပြစ်မှတ်တွေကို ဘယ်လိုသတ်မှတ် ရမလဲ၊ နောက်တ ခါ သုံ့ပန်းတွေ၊ ဖမ်းဆီးမိတဲ့သူတွေကို ဘယ်လိုမျိုး ပြုမူဆောင်ရွက်ရမလဲ၊ နောက်တစ်ခုကတော့ အရပ်သားပြည်သူတွေကို ဆက်ဆံတဲ့အခါမှာ၊ ထိတွေ့တဲ့ အခါမှာ ဘယ်လိုမျိုးလုပ်ဆောင်ရမလဲဆိုတဲ့အချက်။ နောက်ဆုံး အချက်ကတော့ အမျိုးသမီးတွေ၊ ကလေးသူငယ်တွေ၊ နောက်တခါ လိင်စိတ်ကွဲပြားတဲ့သူတွေကို ဘယ်လိုမျိုးပြုမူ ဆက်ဆံရမလဲဆိုတဲ့အချက်၊ ငါးချက် ပါ ပါတယ်။ ...။ ဖမ်းမိတဲ့ သူတွေ၊ စစ်သုံ့ပန်းတွေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေအရ မတရားနှိပ်စက် တဲ့ဟာမျိုး၊ သူ့ရဲ့ ဂုဏ်သိက္ခာထိခိုက်စေတဲ့ အကြောင်းအရာမျိုး၊ ဆက်ဆံတာတွေ လုပ်လို့ မရပါဘူး။ အကျဉ်းရုံးပြီးတော့ သတ်ဖြတ်မှု လုံးဝ လုပ်ဆောင်လို့ မရပါဘူး။ ဖမ်းဆီးထားတဲ့အချိန်မှာ သူတို့နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အခြေခံ လူ့ဂုဏ်သိက္ခာနဲ့ ကိုက်ညီတဲ့ အနေအထိုင်၊ အစားအသောက်၊ ပြီးလို့ရှိရင် ဆေးဝါး၊ ကူညီစောင့်ရှောက်မှု ပေးကိုပေးရပါတယ်။ ဒါ့အပြင် ဖမ်းဆီးတဲ့ အချိန်မှာ အမျိုးသား၊ အမျိုးသမီးတွေ သီးသန့်ခွဲခြားပြီးတော့ ဖမ်းဆီးရမယ်၊ တကယ်လို့များ ကလေးတွေ ပါလို့ရှိရင် ကလေးတွေကို သီးသန့်ဖယ်ထားတဲ့အရာမျိုး လုပ်ဆောင် ရမယ်။ နောက်ဆုံး အရေးကြီးတဲ့အချက်ကတော့ သူတို့ကို ဖြစ်နိုင်လို့ရှိရင် လုံခြုံရေးအပေါ် မူတည်ပြီးတော့ မိသားစုနဲ့ ဆက်သွယ်ခွင့်ပေးရမယ်။ ဒါမှမဟုတ်လို့ရှိရင် သူတို့ကို လာရောက် ပြီးတော့ ကူညီစောင့်ရှောက်ပေးမယ့် သမာသမတ် ရှိတဲ့အဖွဲ့တွေနဲ့ တွေ့ခွင့်ပေးရမယ်ဆိုတာ ကျွန်တော်တို့ MoD ချမှတ်ထားတဲ့ Military Code of Conduct စစ်သည် ကျင့်ဝတ်မှာ အတိအလင်း ဖော်ပြထားပြီးသားပါ။ အခုဆိုလည်း အများကြီး တွေ့မှာပါ။ ဟိုဘက်က ရက်စက်ယုတ်မာစွာ ဘယ်လောက်ထိ လုပ်ဆောင်နေပေမယ့် ဒီဘက်မှာ ကျွန်တော် တို့ရဲ့ တပ်ဖွဲ့တွေ၊ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအင်အားစုတွေ အတွက် တိုက်ပွဲဝင်နေတဲ့ အဖွဲ့အစည်းတွေက ရန်သူ သုံ့ပန်း တွေကို ဘယ်လိုမျိုး ဆက်ဆံသလဲ၊ သူတို့ကို လက်နက်ချ လာတဲ့အခါမှာ ဘယ်လိုမျိုးနည်းနဲ့ ကျွန်တော်တို့ ဆက်ဆံကြ သလဲဆိုတာ ထင်ရှားပါတယ်။ လူသားချင်းစာနာမှုရယ်၊

လူသားရဲ့ ဂုဏ်သိက္ခာကို လေးစားသော ပြုမူဆောင်ရွက်မှုနဲ့ လုပ်ဆောင်နေတာ ကျွန်တော်တို့ အွန်လိုင်းမှာလည်း အားလုံး တွေ့နိုင်ပါတယ်" - **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ) (စစ်သုံ့ပန်းဆိုင်ရာ မူဝါဒနှင့် လက်တွေ့ အရေးယူဆောင်ရွက်မှု | Human Rights Barometer - Episode 27 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့်နေခြင်း ဖြစ်သည်။)**

# ဘရစ္စဘိန်း၌ ပထမဆုံးဦးဆုံးအကြိမ် တော်လှန်သောမီးထွန်းပွဲနှင့် ရန်ပုံငွေ ဈေးရောင်းပွဲ ပြုလုပ်

**နိုဝင်ဘာ ၂၅**





ဩစတြေးလျနိုင်ငံ၊ Queensland ပြည်နယ်၊ ဘရစ္စဘိန်းမြို့၌ မြန်မာပြည်ဖွား တိုင်းရင်းသားများက ပထမဦးဆုံးအကြိမ် တန်ဆောင်တိုင်မီးထွန်းပွဲနှင့် နွေဦးတော်လှန်ရေး စုပေါင်း ရန်ပုံငွေဈေးရောင်းပွဲအား နိုဝင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့ရာ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ခွန်းဗဟန်းထန်ကိုယ်တိုင် ပါဝင်ခဲ့ သည်။

ဈေးရောင်းပွဲများမှ ရရှိသည့် ရန်ပုံငွေများအား မြန်မာနိုင်ငံအတွင်းရှိ စစ်ဘေးရှောင်ပြည်သူများ အပါအဝင် လိုအပ် သည့်နေရာများသို့ လှူဒါန်းသွားရန်စီစဉ်ထားကာ ဒုဝန်ကြီးက ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လူ့အခွင့် အရေးချိုးဖောက်မှု မှတ်တမ်းကောက်ယူမှု အခြေအနေနှင့် အကြမ်းဖက်စစ်အုပ်စု ချိုးဖောက်မှုများအား အရေးယူနိုင်ရေး နိုင်ငံတကာနှင့် ညှိနှိုင်း ဆောင်ရွက်မှု အခြေအနေများအား အဖွင့်မိန့်ခွန်း၌ ထည့်သွင်းပြောကြား အစီရင်ခံခဲ့သည်။

# “ကုသနိုင်တဲ့ရောဂါ မဟုတ်သည့်တိုင်အောင် ကာကွယ်နိုင်တဲ့ရောဂါအဖြစ် လက်ခံလာကြ”



“ယနေ့ ဒီဇင်ဘာ ၁ ရက်နေ့သည် ကမ္ဘာ့ အေအိုင်ဒီအက်စ် နေ့ဖြစ်ပါတယ်။ ဒီနေ့ရောက်တဲ့အခါ ပြည်သူတွေကြားထဲမှာ အနီရောင်သင်္ကေတ ဖဲကြိုးလေးတွေကို ဝတ်ဆင်ကြပါတယ်။ ဒီအမှိပ္ပါယ်ဟာ AIDS ရောဂါကြောင့် သေဆုံးသွားတဲ့သူတွေကို သတိရတဲ့ အကြောင်း သင်္ကေတလေးဖြစ်ပါတယ်။ ဒီရောဂါ စတင်ပေါ်ပေါက်ခဲ့စဉ် အစောပိုင်းကာလကတုန်းကဆိုရင် ဒီကူးစက်ခံရသူတွေကို ရှုံစရာကောင်းတဲ့လူတွေအဖြစ် မြင်ကြပြီး၊ ရှောင်ဖယ်ကြတာတွေ၊ လူ့အသိုင်းအဝိုင်းက ဖယ်ကြဉ်ပြီး အပေါင်းအသင်းမလုပ်ပဲ အထီးကျန်အောင် သီးသန့်ထားတာတွေပြုလုပ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီကနေ့ခေတ်မှာ ဒီရောဂါက ကုသနိုင်တဲ့ရောဂါ မဟုတ်သည့်တိုင်အောင် ကာကွယ်နိုင်တဲ့ရောဂါအဖြစ် လက်ခံလာကြပါတယ်”

- **ခွန်းဗဟန်းထန်၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ (ကမ္ဘာ့ အေအိုင်ဒီအက်စ်နေ့ သတင်းစကား ရုပ်သံမှ ကောက်နုတ်ချက်)**

# “Win for ALL strategy အားလုံးအတွက် အကောင်းဆုံးဘဲ”

“အခုမြေပြင်မှာ ရှိနေတဲ့ တိုင်း-တပ်မမှူးတွေ၊ တပ်ရင်းမှူးတွေ လက်နက်ချပြီး မိမိတပ်နဲ့အတူပြည်သူ့ဘက်ရပ်ပြီး တော်လှန်ရေးအဖွဲ့နဲ့ ပူးပေါင်းဖို့ တိုက်တွန်းလိုပါတယ်။ ဒီလိုဆိုရင် ပြည်သူလည်းထိခိုက်မှုနည်းမယ် မင်းတို့လည်းသွေးထွက်နည်းမယ်။ အခုလက်ရှိ စစ်တပ်ရဲ့ သိက္ခာပြန်ဆယ်ပြီး နိုင်ငံရေးမှာ မပါဝင်တော့ရင် စစ်တပ်မိသားစုတွေရော ၊ ကျန်ပြည်သူတွေ ဘဝပါ အေးချမ်းမယ်။ တိုင်းရင်းသားတွေ နှစ်ပေါင်း ၇၀ ကျော် တောင်းဆိုတိုက်ပွဲဝင်လာခဲ့တဲ့ နိုင်ငံရေးအရ ဖယ်ဒရယ်ပြည်ထောင်စုလည်းတည်ဆောက်နိုင်မယ်။ Win for ALL strategy အားလုံးအတွက် အကောင်းဆုံးဘဲ။

ခင်ဗျားတို့ တိုင်း-တပ်မမှူးတွေ အချင်းချင်းညှိလိုက်ရုံနဲ့ ဒီတော်လှန်ရေး အမြန်ဆုံးပြီးသွားမယ်။ သေချာတာက စစ်အာဏာရှင်ခေါင်းဆောင်တွေ သူတို့ကျူးလွန်တဲ့ပြစ်ဒဏ်တွေအတွက် သူတို့ခံရပါမယ်။ တရားမျှတမှုအတွက် ခံကိုခံစေရမယ်။စစ်ရေးမှာ အချိန်နဲ့ ဗျူဟာအရေးကြီးလို့ ခင်ဗျားတို့အတွက် နောက်ဆုံးအခွင့်အရေးပါ။ ရွေးစရာက ခင်ဗျားတို့ကိုယ်တိုင်ပါ။ ပြည်သူနဲ့ တော်လှန်ရေးဘက်ကတော့ ဘယ်လမ်းရွေးရွေး အောင်ပွဲရတဲ့အထိ ဆက်သွားမှာပါ”

- **ခွန်းဗဟန်းထန်၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ**

# ထောင်အတွေ့အကြုံ ရေးသားထားသည့် An Unlikely Prisoner စာအုပ်မိတ်ဆက်ပွဲအား ဒုဝန်ကြီး တက်ရောက်

**နိုဝင်ဘာ ၂၆**



အကြမ်းဖက်စစ်အုပ်စု မတရားဖမ်းဆီး ထောင်ချခြင်းခံခဲ့ရသည့် ရက်ပေါင်း ၆၅၀ အတွေ့အကြုံအား စာအုပ်အဖြစ် ပြန်လည် ရေးသားထားသည့် ပရော်ဖက်ဆာ ရှောင်တာနဲလ်၏ "An Unlikely Prisoner" စာအုပ်မိတ်ဆက်ပွဲအား သြစတြေးလျ နိုင်ငံ၊ မဲလ်ဘုန်းမြို့၌ နိုဝင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့ရာ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ခွန်းဗဟန်းထန် တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

မစ္စတာ ရှောင်တာနဲလ်သည် အရပ်သား NLD အစိုးရလက်ထက် စီးပွားရေးအကြံပေးအဖြစ် ကူညီပေးခဲ့သူ ဖြစ်ကာ စစ်တပ်က အာဏာသိမ်းပြီးနောက် ၎င်းအား ဖမ်းဆီးထောင်ချခဲ့ကာ ယင်းအတွေ့အကြုံများကို အခြေခံ၍ စာအုပ်အဖြစ် ပြန်လည် ရေးသားထားကာ စာအုပ်ရောင်းရငွေကိုလည်း မြန်မာနိုင်ငံ အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများ အပါအဝင် လိုအပ်သည့် နေရာများသို့ လှူဒါန်းသွားရန် စီစဉ်ထားသည်။



ဒုဝန်ကြီးက မစ္စတာ ရှောင်တာနဲလ်သည် မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် အကျိုးပြုမှုများစွာ ရှိခဲ့ကာ ပြည်သူများနှင့် တသားတည်း ရပ်တည်ခဲ့သည့် မိတ်ဆွေစစ် မိတ်ဆွေကောင်းဖြစ်ကြောင်း၊ မြန်မာ့အကျိုးအတွက် အသက်စွန့်ရမတတ် အနစ်နာခံပေးခဲ့မှုအပေါ် ကျေးဇူးတင်ကြောင်းနှင့် ငြိမ်းချမ်းရေး၊ လွတ်လပ်မှုနှင့် တရားမျှတမှု၊ တန်းတူညီမျှမှု ရှိမည့် ဖက်ဒရယ် ပြည်ထောင်စုသစ် ဖော်ဆောင်ရေး၌လည်း လက်တွဲလုပ်ကိုင်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**"ကာရင်နီပြည်က စစ်ဘေးရှောင်ပြည်သူများကို ကူညီပေးမသူများအားလုံး ကျွန်တော့်နှလုံးသားထဲက ကျေးဇူးတင် ကမ္ပည်းထိုးထားပါတယ်"**

**- ခွန်းဗဟန်းထန်၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ**

# “အားနည်းသူတွေ ဖြစ်တယ်လို့ သတ်မှတ်တဲ့ ပတ်ဝန်းကျင်မှာ တော်လှန်တာဝန်တွေကို ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင် ဆောင်ရွက်နေကြ”




“ဒီကနေ့ကျရောက်တဲ့ နိုဝင်ဘာလ ၂၉ ရက်နေ့ဟာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနေ့ (International Women Human Rights Defenders Day) ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးချိန်က စပြီး ဘက်ပေါင်းစုံ၊ ကဏ္ဍ ပေါင်းစုံကနေ လူ့အခွင့်အရေး ချိုးဖောက်ခံနေရမှုများကို ရှံ့ရှံ့ချွံချွံ ခုခံတိုက်ပွဲဝင်နေတဲ့ သူရဲကောင်းတွေ မြောက်မြားစွာထွက်ပေါ်လာတာကို ကြီးမားတဲ့ သမိုင်းပြယုဂ် တစ်ခုအနေနဲ့ မြင်တွေ့နေရတာဖြစ်ပါတယ်။ အဲဒီထဲကမှ အံ့သြဂုဏ်ယူဖွယ်ရာ ကောင်းတာ တစ်ခုကတော့ အားနည်းသူတွေ ဖြစ်တယ်လို့ သတ်မှတ်လေ့ရှိတဲ့ ပတ်ဝန်းကျင်မှာ အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေ အများအပြား ပါဝင်လာပြီး တော်လှန်တာဝန်တွေကို ကျရောက်တာဝန်ကနေ ရှံ့ရှံ့ချွံချွံ တိုက်ပွဲဝင် ဆောင်ရွက်နေကြတာပဲဖြစ်ပါတယ်”

**- ဦးအောင်ကျော်မိုး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ (အပြည်ပြည်ဆိုင်ရာ အမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနေ့အတွက် ပြောဆိုခဲ့သည့် ရုပ်သံဖိုင်မှ ကောက်နုတ်ချက်)**

# ရိုဟင်ဂျာကျောင်းသား/သူများကြားကာလတက္ကသိုလ်ဝင်ခွင့်အတွက်တွေ့ဆုံ

ရိုဟင်ဂျာ ကျောင်းသား/သူများ၏ ကြားကာလ တက္ကသိုလ်များ၌ ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့် ရရေးနှင့် ပတ်သက်သည့် လိုအပ်သော လုပ်ဆောင်ရမည့် အချက်များနှင့် ပတ်သက်၍ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ပညာရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် ကြားကာလတက္ကသိုလ်များ တက္ကသိုလ်ဝင်ခွင့် ဖြစ်မြောက်ရေးအဖွဲ့နှင့် ရိုဟင်ဂျာ အဆင့်မြင့် ပညာရေးအသင်းတို့အကြား နိုဝင်ဘာ ၂၆ ရက်က အွန်လိုင်း အခြေပြု ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ လူ့အခွင့်အရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုးလည်း တက်ရောက် ခဲ့သည်။

မြန်မာပညာရေးစနစ် (Myanmar Education System – MES) နှင့် သက်ဆိုင်ရာ တက္ကသိုလ် Platform များမှတစ်ဆင့် ကြားကာလတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားရာ၌ လိုအပ်မည့် အချက်များအား ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။ ဆွေးနွေးပွဲ၌ NUG က ချမှတ်ထားသည့် ရိုဟင်ဂျာများနှင့် ပတ်သက်သည့် မူဝါဒများအရ တရားမျှတမှုနှင့် တန်းတူညီမျှရှိစေရေးအတွက် ရိုဟင်ဂျာကျောင်းသားများ၏ အဆင့်မြင့်ပညာ ဆက်လက်သင်ယူခွင့်အခွင့်အရေးအတွက်အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးမှု အခြေအနေ၊ ပညာရေး အရည်အသွေးပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ လျှောက်ထားနိုင်သည့် တက္ကသိုလ်နှင့် ဘာသာရပ်များ၊ စာရင်းအချက်အလက်များ ပေးပို့ခြင်းဆိုင်ရာ ကိစ္စရပ်၊ ရိုဟင်ဂျာ အဆင့်မြင့်ပညာရေးအသင်းနှင့် NUG ပညာရေး ဝန်ကြီးဌာန၊ အဆင့်မြင့်ပညာကဏ္ဍတို့ မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှု မူဝါဒ (Partnership Policy) အရ ချိတ်ဆက် နိုင်ရေးကိစ္စရပ်များကိုပါ ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး စိုင်းခိုင်မျိုးထွန်း၊ ရိုဟင်ဂျာ အဆင့်မြင့်ပညာရေးအသင်းနှင့် ကြား ကာလတက္ကသိုလ်များ ဝင်ခွင့်လမ်းညွှန်ဖြစ်မြောက်ရေး အလုပ်အဖွဲ့မှ တာဝန်ရှိသူများပါ တက်ရောက်ခဲ့သည်။

# “ရှိသမျှ လူအကုန်လုံးကို သေနတ်ထဲက ကျည်ဘောက်ပါသမျှ အကုန်ပစ်တယ်”

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ အောင်ကန်သာကျေးရွာ လက်ဖက်ရည်ဆိုင်အား အကြမ်းဖက် စစ်အုပ်စု လက်နက်ကိုင်များက နိုဝင်ဘာ ၁၆ ရက်က ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူ ၁၁ ဦး သေဆုံးခဲ့သည်။

အဆိုပါ ကျေးရွာမှာ မန္တလေး-မိုးကုတ်ကားလမ်းဘေး၌ တည်ရှိကာ ပစ်ခတ်မှုအား အင်ကြင်းမြိုင်ကျေးရွာအနီးရှိ ၁၀၁၄ လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့မှ ပစ်ခတ်ခဲ့ခြင်း ဖြစ်ပြီး လက်ဖက် ရည်ဆိုင်ပိုင်ရှင် လင်မယားအပါအဝင် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးခဲ့သည်။

“မနက်ခင်း (၇) နာရီ လောက်က ကြားနေကျမဟုတ်တဲ့ အဲဒီဘက်ထောင့်ကနေ ကျွန်တော်တို့ ပစ်ခတ်သံ ကြားရတော့။ စုံစမ်းတာပေါ့။ စုံစမ်းတဲ့အခါ ပစ်ခတ်မှုတွေဖြစ်သွားတယ်။ စခန်းတစ် ခုခုကို သိမ်းတာလား။ ဒါမှမဟုတ် သူတို့ထိတွေ့မှု ဖြစ်ပြီးတော့ အပြန်အလှန် ပစ်ခတ်တာဖြစ်တာလား စုံစမ်းနေတုန်း နာရီအနည်းငယ်ကြာတဲ့အခါမှာ ပစ်ခတ်မှုဖြစ်တာတော့ မှန်တယ်။ မတ္တရာကိုဖြတ်ပြီး မြောက်ဘက်ကို သွားရင် ဆည်တော်ကြီးဘက်ကို ချိုးကွေ့မယ့် (၁၆) မိုင်လမ်းခွဲ ဆိုတာရှိတယ်။ (၁၆) မိုင်လမ်းခွဲအလွန် မြောက်ဘက်ကို ဆက်သွားမယ်ဆိုရင် မတ္တရာမြို့နယ်ထဲမှာရှိတဲ့ရေနံ့သာအုပ်စုရဲ့ အဝန်းအဝိုင်းဘက်မှာရှိတဲ့ အရင်က အကာသ ဆေးရုံဆိုတာ ကြားဖူးမှာပါ။ အဲဒီဆေးရုံဘက်မှာ အုတ်ကန်အနီးမှာ အောင်ကန်သာရွာဆိုတာရှိတယ်။ အဲဒီနားလေးက စည်ပါတယ်။လမ်းဆုံနားက လက်ဖက်ရည်ဆိုင်လေးတွေ ဖွင့်ထားကြတာ။ မနက်အစောဆိုတော့ လက်ဖက်ရည်ထွက်သောက်ရင်းနဲ့ သတင်းအချက်အလက်တွေ ဘာတွေ နားစွင့်နေတာဖြစ်မှာပေါ့။ ဆည်တော်လမ်းခွဲဘက်က အထက်မှာ အင်ကြင်းမြိုင်ဆိုတဲ့ စစ်တပ်ရှိတယ်။ အင်ကြင်းမြိုင် အမြောက်တပ်။ ကျွန်တော်တို့ စုံစမ်းလို့ရသလောက်တော့ စစ်ကူလာပေးတဲ့ကားက အောင်ကန်သာလမ်းခွဲ၊ သူတို့ကြည့်တဲ့လမ်းတစ်လျှောက်မှာ လက်ဖက်ရည်ဆိုင်မှာက လူစုနေပုံရမယ် ထင်ပါတယ်။ သူတို့ရဲ့အမြင်က ပြည်သူက လူများများစုတယ် သတ်မှတ်ပုံရတယ်။ ပထမကြားတာက လက်ဖက်ရည်ဆိုင်ထဲက ရှိသမျှလူအကုန်လုံးကို သေနတ်ထဲက ကျည်ဘောက်ပါသမျှ အကုန်ပစ်တယ် ကြားတယ်။ ပြည်သူ (၁၁) ဦး သေသွားတယ်ဆိုပြီး ကျွန်တော်တို့ဆီ သတင်းဝင်လာတယ်။ ကျွန်တော်တို့ ဟုတ်၊ မဟုတ် ဆက်လက်စုံစမ်းတော့၊ ပစ်ခတ်မှု ဖြစ်သွားတယ်ဆိုတာလည်း ဟုတ်တယ်။ ပစ်သွားတယ်ဆိုတာလည်း မှန်တယ်။ ပြည်သူ (၁၁) ယောက်တောင်သေသွားတဲ့ အတိုင်းအတာမှာ နောက်ထပ် သတင်းထပ်ကြားတာက (၁၁) ဦး ပစ်တာ မှန်တယ်။ ဒါပေမဲ့ သူတို့ ပုံစံက ရမ်းပြီး ပစ်ခတ်သွားတာမဟုတ်ဘဲ အဲဒီမှာရှိတဲ့ အမျိုးသားတွေကို အဝတ်အမဲစွပ်ပြီးတော့ ပစ်သတ်သွားတယ်ပေါ့။ ဒါကိုမှတ်တမ်းယူပြီးတော့ PDFတွေ တွေ့လို့ ပစ်ခတ်ရှင်းလင်းခဲ့တယ် ပြောချင်ပြောမှာပေါ့။ ကျွန်တော်တို့က အဲဒီသတင်း (၂) ခုပေါ်မှာ အခုအချိန်အထိတော့ ဘယ်ဟာက အတည်ဖြစ်မလဲဆိုတာ လိုက်နေဆဲပါ”

- **Andme (ဒေသတွင်း လူသားချင်းစာနာထောက်ထားမှုကူညီပေးရေးယန္တရား၊ အမျိုး သားညီညွတ်ရေးအစိုးရ – NUG)**

*(မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ အောင်ကန်သာကျေးရွာ လက်ဖက်ရည်ဆိုင်အား အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံ ၁၀၁၄ လေကြောင်းရန် ကာကွယ်တပ်မှ လက်နက်ကိုင်စစ်သားများက နိုဝင်ဘာ ၁၆ ရက်က ပစ်ခတ်မှုအတွင်း အရပ်သား ၁၁ ဦး သေဆုံးမှု ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေသအတွင်းရှိ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၏ လူသားချင်းစာနာထောက်ထားမှုကူညီပေးရေး ယန္တရားထဲ၌ ပါဝင်သူ Andme အား ဆက်သွယ်မေးမြန်းထားခြင်း)*

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၄,၂၀၉ (၅၀၀)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေး ကာလအတွင်း ဒီမိုကရေစီရေး လှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၄,၂၀၉ ဦး သေဆုံးခဲ့သည်။ အတည်ပြုရန် လိုအပ်ကာ အမည်စုံစမ်းဆဲ သတ်ဖြတ်ခံရသူ ၅၀၀ ဦးဝန်းကျင်လည်း ရှိသည်။

## ၂၅,၄၈၄

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်အထိ နိုင်ငံရေးတက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၅,၄၈၄ ဦးအား ထိန်းသိမ်းခဲ့ပြီး ၁၉,၇၀၉ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၈,၂၁၆ ဦးကို စစ်ကောင်စီလက်အောက်ခံတရားရုံးများက မတရားပုဒ်မမျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၆၃-၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သင့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေးသူပေါင်း ၁၆၃ ဦးအထိ ရှိသည်။ နွေဦးတော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် သေဒဏ်ချမှတ်ခံပြီး ၄၃ ဦးအပါအဝင် ၁၁၉ ဦးအား မျက်ကွယ်သေဒဏ် ချမှတ်ထားသည်။

## နိုဝင်ဘာ (၅၃ + ၈၆)

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၀၃ ရက်အတွင်း အကြမ်းဖက်စစ်အုပ်စုကြောင့် နိုင်ငံတစ်ဝန်း အမျိုးသမီး ၅၃ ဦးနှင့် အမျိုးသား ၈၆ ဦး၊ စုစုပေါင်း ၁၃၉ ဦးအား သေဆုံးခဲ့ကာ (၇၁) ဦးမှာ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရခြင်း ဖြစ်သည်။ သေဆုံးသူအများစုမှာ ရှမ်းပြည်နယ်မှ ဖြစ်ပြီး နိုဝင်ဘာ တစ်လအတွင်း ၂၄ ဦး သေဆုံးခဲ့သည်။

## နိုဝင်ဘာ (၂၃ + ၂၇)

၂၀၂၃ ခုနှစ် နိုဝင်ဘာတစ်လအတွင်း အကြမ်းဖက်စစ်အုပ်စုက နိုင်ငံတစ်ဝန်းရှိ ဖမ်းဆီးမှုများ ကျူးလွန်ခဲ့ရာ အမျိုးသမီး ၂၃ ဦးနှင့် အမျိုးသား ၂၇ ဦး၊ စုစုပေါင်း ၅၀ ဦးအထိ ထိန်းသိမ်းခံခဲ့ရကာ မန္တလေးတိုင်းတစ်ခုတည်း၌ ၁၁ ဦးဖြင့် အများဆုံး ထိန်းသိမ်းခံခဲ့ရသည်။

## နိုဝင်ဘာ # ၈ + ၃၅ #

နိုင်ငံတစ်ဝန်းရှိ အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံ တရားရုံးများက ပြည်သူများအား မတရားပုဒ်မများတပ်၍ အမျိုးသမီး (၈) ဦးနှင့် အမျိုးသား (၃၅) ဦး၊ စုစုပေါင်း (၄၃) ဦးအား ထောင်ဒဏ် ချမှတ်ခဲ့ပြီး စစ်ကိုင်းတိုင်းတစ်ခုတည်းမှ (၄၀) ဦးအထိ ပါဝင်သည်။

## မြန်မာ - ငါး သန်းခွဲကျော်

စစ်တပ်အာဏာသိမ်းမှုအလွန် နှစ်နှစ်ခွဲကျော်ကာလအတွင်း နိုင်ငံအနှံ့ တိုက်ပွဲနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်းစစ်ရှောင်ဒုက္ခသည်များ တိုးလာကာ ၄,၀၀၀,၇၁၄ (၄ သန်းကျော်) ဦးထက်မနည်း ရှိလာပြီ ဖြစ်သည်။ စစ်တပ်အာဏာမသိမ်းခင်က ငါးသိန်းနီးပါးခန့်သာ ရှိခဲ့ရာမှ ယခုအခါ နယ်စပ်ဖြတ်ကျော် ဒုက္ခသည် ၁,၁၀၃,၃၁၀ (တစ်သန်းကျော်) ဦးထက်မနည်း ရှိလာသည့်အတွက် ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော် စစ်ရှောင်ဦးရေမှာ ငါးသန်းခွဲကျော်အထိ ရှိလာနေပြီ ဖြစ်သည်။

**ကိုးကား - AAPP, ISP**

## CODE OF CONDUCT

စစ်သည်တော် ကျင့်ဝတ်စည်းမျဉ်းများ - Soldier's rules



ဘာသာရေး အဆောက်အအုံများနှင့်
ယဉ်ကျေးမှု အမွေအနှစ်များကို လေးစား တန်ဖိုးထားရမည်။

## CODE OF CONDUCT

စစ်သည်တော် ကျင့်ဝတ်စည်းမျဉ်းများ - Soldier's rules



အရပ်သားပြည်သူများအား ကာကွယ်စောင့်ရှောက်ရမည်။
အရပ်သားပြည်သူပိုင် ဥစ္စာပစ္စည်းများကို ထိပါးခြင်း မပြုရ။

